# အညိုမှသည်
# ကြက်သွေးနီသို့

မသီတာ(စမ်းချောင်း)



# အညိုမှသည် ကြက်သွေးနီသို့ (၁)

အညို။ အမှန်တော့ အညို့ ကို ကိုယ်က မေ့မေ့လျော့လျော့ ဖြစ်ခဲ့ သည်။ အညို ကသာ ကိုယ့်ကို မမေ့စတမ်း။ အညိုကား ကိုယ့်အတွက် လွတ်လပ်မှု တွေ ဖောဖောသီသီ ပေးအပ်ခဲ့သည်။ ဖန်တီးမှု တွေ ဝေဝေဆာဆာ ဖြစ်စေခဲ့သည်။ ထို့ပြင် အညိုသည် ကိုယ့်အတွက် တံခါးတစ်ချပ် လေ့ကား ထစ်တစ်ဆင့်လည်း ဖြစ်ခဲ့သည်။

ထို့ကြောင့် ပင် ကိုယ်သည် အညို့ ကို မမေ့နိုင်တော့။

အညို၏ ကြေးများ သော စာရေး ဆရာ

၂၀၀၈ နှစ် ဆန်းမှာ ကိုယ်က အင်္ဂလန်နိုင်ငံ၊ ယော့ခ်တက္ကသိုလ်၏ ပဋိပက္ခများ ဖြေရှင်းမှု စီမံခန့်ခွဲရေး သင်တန်းကို တက်ရောက်နေချိန်။ သင်တန်း ၏ လေ့လာရေး ခရီး အဖြစ် နယ်သာလန်နိုင်ငံ၊ အမ်စတာဒမ်မြို့ လေးကို ရောက်နေခိုက် ကိုယ့်ဆီကို လျှပ်ချောစာတစ်စောင် ရောက်လာသည်။ အညို့ ဆီ ကပင်။ အညို၏ စာပေအနုပညာဌာနတာဝန်ခံ ရောဘတ်ကူးဗားမှ ရေး လာ သည့် လျှပ်ချောစာမှာ သည်သို့။ အညို၏ Watson ဝတ်ဆင် အပြည်ပြည် ဆိုင်ရာလေ့လာရေး ဘာသာရပ်နှင့် သူတို့စာပေအနုပညာဌာနတို့မှ ပူးပေါင်း စီစဉ်သည့် IWP International Writers Project အပြည်ပြည်ဆိုင်ရာ စာရေး ဆရာအစီအစဉ်အတွက် ကိုယ့်ထံမှ ကိုယ်ရေး အကျဉ်းကို မျှော်နေပါ သည်ဟု။ ကိုယ်က သည်အစီအစဉ်အတွက် လျှောက်ရန် စိတ်ကူးမရှိခဲ့။ ထို့ပြင် ကိုယ့်လျှပ်ချောစာ လိပ်စာကို ကူးဗားက မည် ကဲ့သို့ရရှိသွားမှန်းလည်း မသိ။ ထိုစဉ်က အိမ်လွမ်းနာကလည်း သည်းနေချိန်။ သည်တော့ သည်အကြောင်းကို ကိုယ်မသိရှိခဲ့ပါဟု စာခပ်တိုတို ပြန်လိုက်သည်။ ကူးဗားက ချက်ချင်း စာပြန်လာသည်။ ၂၀၀၅ ခုနှစ် အိုင်အိုဝါတက္ကသိုလ်မှာ IWP International Writing Program အပြည်ပြည်ဆိုင်ရာ အရေး အသား အစီ အစဉ်အပြီး ၂၀၀၆ နှစ် ဆန်းမှာ ကတည်းက သူတို့ကို ထိုအစီအစဉ်၏ ဒါရိုက်တာခရစ်မာရေး လ်က ညွှန်းခဲ့သဖြင့် ကိုယ့်ကို ဆက်သွယ်ခဲ့ဖူးကြောင်း၊ ထိုစဉ်က ကိုယ့်ထံမှ ထိုနှစ် အတွက် မလာလိုသေးကြောင်း၊ ဂျေဗီဇာ၏ သဘာဝ အရလည်း နောင်နှစ်

နှစ် ကြာမှ လာနိုင်မှာ ဖြစ်ကြောင်းတို့ဖြင့် အကြောင်း ပြန်ကြားခဲ့သဖြင့် ယခုမှ ပြန်လည်ဆက်သွယ်ရခြင်း ဖြစ်ကြောင်း စာပြန်လာခဲ့ သည်။ ထိုအခါမှ ကိုယ့်ကို အညိုက မမေ့စတမ်း ဖြစ်ခဲ့သလောက် ကိုယ်က မေ့နေခဲ့ကြောင်း သဘောပေါက်မိသွားသည်။ သည်တော့ သူတို့ဝက်ဘ် စာမျက်နှာကို ရှာကြည့်မိသည်။ အစီအစဉ်အတွက် လျှောက်လွှာခေါ်ထားသော နောက်ဆုံးနေ့က ကျော်လွန်၍ ပင်သွားခဲ့ပြီ။ သည်တော့ လျှပ်ချောစာပြန်ပို့ လိုက်သည်။ ကိုယ့်ဆီကလျှောက်လွှာကို မေ့လိုက်ပါတော့ဟု။ အကြောင်းက သင်တို့၏ လျှောက်လွှာပိတ်ရက် ကုန်ဆုံးသွားပြီကိုး။ ထိုအခါ ကူးဗားဆီမှ စာပြန်လာသည်။ လျှောက်လွှာပိတ်ရက်ကို မေ့လိုက်ပါ၊ သူတို့မှာ နိုင်ငံအချို့မှ လျှောက်လွှာအချို့ လက်ခံထားရပြီး ဖြစ်ကြောင်း၊ သို့သော် ကိုယ့်ထံမှ လျှောက် လွှာကို မျှော်နေသေးကြောင်းတဲ့။ သည်တော့မှ ကိုယ်က လှုပ်လှုပ်ရှားရှား ဖြစ်လာရပြီ။ အညိုသည် ကိုယ့်ကို အလေးအနက်ထားသည်ကိုး။

သို့သော် အိမ်လွမ်းနာကို ပက်ပက်စက်စက်ခံစားနေရဆဲ ဖြစ်သော ကိုယ်က ဥာဉ်မကောင်းစွာ တွေ းနေမိသည်။ သည်သင်တန်းက ဧပြီလလယ်မှ ပြီးကာ ရန်ကုန်ကို လကုန်ခါနီး မှ ရောက်မည် ။ အညို၏ အစီအစဉ်က အမေရိက၊ ရို့ဒ်အိုင်းလန်းပြည်နယ်၊ ပရောဗီဒင့်စ်မြို့ ကို ဇူလိုင်လဆန်း အရောက် သွားရမည် ။ ပြီးတော့ ရန်ကုန်မှာ နေဖို့ ကိုယ့်အတွက် အချိန်သိပ်မရှိ။ သည် တော့ အညိုက မခေါ်လည်း ကိုယ်က ပျော်မြဲ။ သည်တော့ ကိုယ်ရေး အကျဉ်း နှင့် အတူ ပေးပို့ရမည့် ကိုယ့်လက်ရာ စာပေနမူနာကို သမားရိုးကျရေး ဟန် မဟုတ်တာတွေ ရွေးပေးဖို့ စိတ်ကူးမိတော့သည်။ စာတမ်းလား၊ ဝတ္ထုလား၊ ကဗျာလား မသဲကွဲပါဟု ပြောလေ့ရှိကြသော ကိုယ့်လက်ရာအချို့ကို ရွေး ဖြစ် သည်။ ထိုအချိန်က ကိုယ်က အလုပ်များ နေသဖြင့် ကိုယ့်ထံ လျှပ်ချောစာဖြင့် အဆက်မပြတ်ဆက်သွယ်နေသော ကူးဗားအကြောင်း မလေ့လာ ဖြစ်သေး သလို အညို၏ ထိုအပြည်ပြည်ဆိုင်ရာ စာရေး ဆရာအစီအစဉ်အကြောင်းလည်း အသေးစိတ်မလေ့လာ ဖြစ်သေး။ သည်လိုနှင့် ကိုယ်ယော့ခ်မှမပြန်မီ အညိုက စာပြန်လာသည်။ ၂၀၀၈-၂၀၀၉ ခုနှစ် အတွက် ဘရောင် းတက္ကသိုလ်(သို့ ) အညို၏ အပြည်ပြည်ဆိုင်ရာ စာရေး ဆရာအစီအစဉ်အတွက် ကိုယ့်ကိုသာ

ရွေးချယ်လိုက်ပါသည်ဟု။ သည့်နောက်မှာ ကိုယ်က ဇူလိုင်အစား စက်တင် ဘာမှ လာပါရစေဟု စေ့စပ်ဆက်ပြန်သေးသည်။ အလုပ်တွေ ပစ်ပြီး တစ်နှစ် လောက် ပြည်ပမှာ နေဖို့ကို ကိုယ်က အလွန်တွန့်ဆုတ်နေခဲ့သည်ကိုး။ ကိုယ့် ဆီက ကြေးများ မှု တွေ ကို ကူးဗားက ဒိုင်ခံဖြေရှင်းသည်။ ကိုယ့်အ ဖြစ်က ပြောင်းပြန်ကြီး ဖြစ်နေမှန်းမသိ လောက်အောင် ကိုယ်က ရန်ကုန်မှာ အချိန်ပို နေရရေး ကို အသည်းအသန် စေ့စပ်ခဲ့သည်။ ၂၀၀၈ ခုနှစ်၊ မေလမှာ နာဂစ် ဖြစ်တော့ ကိုယ်က ရန်ကုန်ပြန်ရောက်နေပြီး အ ဖြစ်ဆိုးအတွက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ လုပ်အားပေးလိုခိုက်မို့ သည်လိုသာ နာဂစ် ဖြစ်မည် မှန်း ကြိုသိခဲ့လျှင် အညို၏ အစီအစဉ်ကို လက်ခံခဲ့မှာ မဟုတ်ဟုပင် သွေးရူး သွေးတန်း လျှပ်ချောစာတစ်စောင် လှမ်းပို့ခဲ့သေးသည်။ ထိုကဲ့သို့ ကိုယ့်ဘက် က တောင်းဆိုချက်တွေ တသီတတန်းကို ကူးဗားက သည်းခံခဲ့ရုံမက သည့်ထက်ထပ်ပြီးတောင်းဆိုစရာတွေ ရှိသေးလျှင် ယခုကပင် အကုန်အစင် ပြောထားနိုင်ကြောင်းပင် စာပြန်ခဲ့လေသည်။

အညိုနှင့် ကူးဗားကို ကိုယ်က သည်သို့ သည်နှယ် ကြေးများ၊ စေ့စပ်ခဲ့သမျှသည် ကူးဗားကို လူချင်းမတွေ့ရခင်အထိသာ ခံခဲ့ပေသည်။ ကူးဗားကို မည်သူမည် ဝါဟု အသေအချာသိလိုက်ရပြီးမှာ တော့ အညိုနှင့် သူ့အပေါ် အားနာစိတ်သည် ယခုအချိန်ထိ ကျန်တုန်းပင်။ သည်နေရာမှာ ကိုယ့်စိတ်ကူးအလွဲကိုလည်း ဝန်ခံရပေမည် ။ ကိုယ်က သမားရိုးကျစာပေ လက်ရာမျိုးမဟုတ်သည်ကို ပေးလိုက် လျှင် ကူးဗားနှင့် အညိုက စိတ်ဝင်စား ချင်မှဝင်စားမည် ဟု တလွဲတွေးခဲ့ခြင်းသာ။ အမှန်မှာ ရော ဘတ်ကူးဗားဟူသည် အမေရိကန်စာပေသမိုင်းတစ်လျှောက် စာအရေး အသားနှင့် ပတ်သက်လျှင် စွန့်ဦးတီထွင်သူ ဖြစ်လေသည်။ သည်နေရာမှာ ကိုယ့်စာဖတ်အားကလည်း ကူးဗားစာတွေ ကို စွဲမှတ်မိနေအောင် မထက်သန်ခဲ့၊ မနက်နဲခဲ့ဟု ကိုယ့်ဘာသာ စိတ်ပျက်မိရပြန်သည်။ ကူးဗားသည် စေ့ကွက်ဝင်လက်ရာမျိုးကို သဘော မကျသော၊ စာပေကို ခေတ်နှင့် အညီ အနှစ် သာရရော ပုံသဏ္ဍာန်ပါ ပြောင်းလဲ တီထွင်တတ်သော၊ အသစ်အသစ်တီထွင် ဖန်တီးမှု ကို ခုံမင်လှသော၊ စာ အရေး အသား ဆန်းသစ်မှု အရာမှာ စွန့်ဦးတီထွင်သူအ ဖြစ်

အသိအမှတ်ပြုခံရ သော ၊ အညို့၏ အပြည်ပြည်ဆိုင်ရာ စာရေး ဆရာအစီအစဉ်အတွက် ဖခင်တစ်ဦး ဟုဆိုအပ်သော စာရေး ဆရာရင့်မာကြီး ဖြစ်သည်ကိုး။

*

စာပေပုံသဏ္ဌာန်သစ်ရှင် ရောဘတ်ကူးဗားနှင့်

Robert Coover ကူးဗားက ၁၉၃၂ ခုနှစ် ဖွားပါ။ သူ့စာများ မှာ အကြောင်းအရာထက် အရေး အသားကို ဂရုတစိုက် တီထွင်ဆန်းသစ်ထား သည့်အတွက် စာရေး စမှာ ပင် အမေရိကန်စာပေလောက၏ အသိအမှတ်ပြုမှု ကို ခံရပါသည်။ သူ့ကို Fabulation နှင့် Metafiction စာပေပုံသဏ္ဌာန်များ ၏ ဖခင်ကြီးဟုလည်း ဆိုကြသည်။ သူက ပို့စ်မော်ဒန်ဝတ္ထုတိုများ ကို အစောဆုံး ရေး သားခဲ့သူအ ဖြစ်လည်း နာမည် ကျော်သည်။ သူ၏ နာမည် အကျော်ဆုံး လက်ရာမှာ Magic Realism အမျိုးအစား ဖြစ်သော The Public Burning ဖြစ်သည်။ သူ့လက်ရာတချို့မှာ ဘာသာရေး ၊ နိုင်ငံရေး နှင့် လိင်မှု ရေး ရာများ ကို ရှုထောင့်တစ်မျိုး၊ တင်ပြပုံတစ်ဖုံဖြင့် ရေး သားထားခြင်း ဖြစ်သည်။ သူသည် သည်ဘရောင် း၏ တက္ကသိုလ်၏ စာပေအနုပညာဌာနမှာ အကြီးဆုံး ဖြစ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ စာရေး ဆရာအစီအစဉ်ကို စတင်ဖန်တီး ထူထောင်ခဲ့သူလည်း ဖြစ်သည်။ ဘရောင် း၏ စာပေအနုပညာဌာနမှာ အမေရိကန်တက္ကသိုလ်များ ရှိ MFA (Master of Fine Arts) ဘွဲ့လွန် သင်တန်းများ အားလုံးအနက် ထူးခြားသော လျှပ်စစ်စာရေး နည်းသင်တန်းကို ပို့ချပေးနေသည်မှာ လည်း ကူးဗား၏ ကြိုး စားတီထွင်မှု ပင် ဖြစ်သည်။ စာပေဆု ပေါင်း မြောက်မြားစွာ ရရှိထားသော လည်း သူက အနေမကြွား။ သူ့တီထွင်မှု အားလုံးထဲမှာ နောက်ဆုံး ဖြစ်သကဲ့သို့ အဆန်းသစ်ဆုံးနှင့် အခက်ခဲဆုံးတစ်ခုမှာ The Cave ဖြစ်သည်။

အညို့ကို ကိုယ်ရောက်သည့်အချိန်မှာ ကူးဗားက လန်ဒန်မှာ နေနေ ချိန် ဖြစ်သည်။ သည်တော့ ကိုယ်က ကိုယ့်ရုံးခန်းရှိရာ ဝတ်ဆင်အပြည်ပြည် ဆိုင်ရာ လေ့လာရေး

ဌာနအဆောက်အအုံမှာ ပင် အချိန်ပေးနေ ဖြစ်သည်။ သည်ဌာနနှင့် ဌာနမှ ဖိတ်ကြားလေ့ရှိသော အပြည်ပြည်ဆိုင်ရာ ပညာရှင် များ အကြောင်းကလည်း စိတ်ဝင်စားစရာကောင်းလှသည်။ ကိုယ်မရောက်မီ ၂၀၀၇-၂၀၀၈ ခုနှစ် က သည်ဌာနမှာ မြန်မာနိုင်ငံအတွက် ကုလသမဂ္ဂဆိုင်ရာ အထူးကိုယ်စားလှယ်အ ဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော မစ္စတာ ပေါင်လို ဆာဂျီရိုပီညဲရိုး ရှိနေခဲ့သည်။ သူ့ရုံးခန်းက အောက်ဆုံးထပ်မှာ ဖြစ်ခဲ့သည်။ ကိုယ့်ရုံးခန်း ကတော့ သုံးထပ်၊ အပေါ်ဆုံးမှာ ။ ကိုယ်က ရန်ကုန်မှာ ရှိခဲ့စဉ် တစ်လျှောက်လုံး မနက် ဆေးရုံ၊ နေ့လယ် မဂ္ဂဇင်းတိုက်ဖြင့် အချိန်ပိုင်းအလုပ် နှစ် ခုလုပ်ခဲ့သည်မို့ ကိုယ်ပိုင်ရုံးခန်းနှင့် စားပွဲပင် ရှိခဲ့သူမဟုတ်သော် လည်း အခု အညီု့ ရင်ခွင်မှာ တော့ မှန်ပြတင်းကြီးရှိသည့် ခေတ်မီရုံးခန်းကြီးနှင့် ဖြစ်နေသည်။ သို့ သော် မစ္စတာပီညဲရိုးအပါအဝင် အခြားပညာရှင်များ အဖို့ ဌာနမှာ တက်ရောက်နေသည့် နိုင်ငံတကာကျောင်းသားများ ကို စာသင်ပေးရ၊ အတန်းယူပေးရသည့် အလုပ်ရှိသော် လည်း ကိုယ့်မှာ တော့ ကိုယ့်စာကိုယ်ရေး ရုံမှအပဌာနအတွက် မည် သည့်အလုပ်ကိုမျှ လုပ်ပေးစရာမလိုခဲ့ချေ။ အခြားဌာန များ မှ Faculty ခေါ် ဆရာများ က သူတို့၏ စာသင်တန်းများ အတွက် ဧည့် ဆရာအ ဖြစ် ဖိတ်ကြားမှု ကိုလည်း ကိုယ့်သဘောအတိုင်း လက်ခံလိုက လက်ခံ၊ ငြင်းဆန်လိုက ငြင်းဆန်နိုင်သည်ဟု ကူးဗား၏ လက်ထောက်ဆရာ တစ်ဦး ဖြစ်သော စာရေး ဆရာဂေးလ်နယ်လ်ဆင်က ပြောပြန်သည်။ သူက စာပေအနုပညာဌာနမှ ဖြစ်သည်။ ဝတ်ဆင်ကလည်း ကိုယ့်ကို မည် သည့် တောင်းဆိုမှု မျှ မရှိသေးဘဲ ရက်သတ္တပတ်အချို့ ကုန်ဆုံးလာချိန်မှာ ကိုယ်က အငြိမ်မနေ ချင်တော့။ စာရေး ရသည်မှာ လည်း အတန်ညည်းငွေ့လာသည်။ သည်တော့ အညီု့ ရင်ခွင်ကို ပြန်မရောက်လာသေးသည့် ကူးဗားကို လျှပ်စစ်စာ စာလှမ်းပို့ပြီး ခရီးခဏတစ်ဖြုတ် ထွက်ဦးမည် ဟု အကြောင်းလှမ်းကြားသည်။ ကူးဗားက ခပ်ရှင်ရှင် လျှပ်ချောစာတစ်စောင် ပြန်လာသည်။ သည်ကာလများ အတွင် း ကိုယ့်စိတ်ကြိုက် ကိုယ့်သဘော လုပ်ချင်ရာလုပ်နိုင်ကြောင်း၊ စာမရေး လိုကလည်းရကြောင်း၊ ခရီးထွက်လိုကလည်း အကြောင်းကြားစရာမလို ကြောင်း၊ ထင်ရာကို စိတ်ကြိုက်စိုင်းနိုင်ကြောင်းတဲ့။ သည်မှာ တင် အညီုကပေးသော အစွမ်းကုန်လွတ်လပ်မှု ကို ကိုယ့်မှာ တအံ့တဩ မယုံနိုင်လောက်အောင်

ခံစားလိုက်ရသည်။ အချိန်ပြည့် မည် သည့်တာဝန်ဝတ္တရားကိုမှ ထမ်းဆောင် စရာမလိုသကဲ့သို့ မည် သည့်အနှောင်အဖွဲ့မှ မရှိပါဆိုသော သည်ဘဝအခြေ အနေမျိုးကို ကိုယ်က မည် သည့်အခါကမှ အိပ်မက်ပင် မမက်စဖူး၊ မပိုင်ဆိုင် စဖူးမို့ အညို၏ စေတနာကို ကိုယ့်မှာ မနေတတ် မထိုင်တတ်စွာ လက်သင့်ခံ ခဲ့ရပြန်သည်။

အညို။ ထိုစဉ်ကတည်းက အညို၏ အနှစ် သာရသည် လွတ်လပ်မှု ဟု ကိုယ်က မှချ ဆိုနိုင်ခဲ့ပြီလေ။

*

## ကလောင်မကိုင်သည့် စာရေး ဆရာများ နှင့် စာပေဂူ

အညို၏ ထူးခြားချက်မှာ လွတ်လပ်မှု ချည်းသက်သက် မဟုတ်ချေ။ ဆန်းသစ်တီထွင်မှု လည်း ဖြစ်လေသည်။ သည်အကြောင်းကို အညို့ ရင်ခွင်ထဲ ရောက်ပြီး မကြာမီမှာ ပင် ကိုယ်စသိလာရသည်။ အညိုက Interrupt ဆို သည့် ပွဲတော် လေးတစ်ခုကို ကျင်းပခဲ့သည်။ သည်ပွဲတော် က စာပေပွဲတော် ဟုဆိုနိုင်သော လျှပ်အနုပညာပွဲတော် ပင် ဖြစ်သည်။ အညို၏ စာပေအနုပညာ ဌာနမှပို့ချပေးသော စာပေအနုပညာရပ်များ တွင် လျှပ်စာရေး နည်း ပါဝင်သည်။ ကူးဗားက စတင်တီထွင်သော စာရေး နည်းမို့ အမေရိကန်တစ်ခွင် အခြားသော တက္ကသိုလ်များ မှာ သည်ပညာရပ်ကို သင်လေ့သင်ထမရှိသော် လည်း အညို့ မှာ တော့ သည်ပညာရပ်ကို အထူးတလည်သင်ပေးသည်။ နည်းပညာခေတ် ကြီးတွင် စာကို စာအုပ်အ ဖြစ် မဖတ်ြ ကတော့ဘဲ လျှပ်ဖိုင်များ အ ဖြစ် ကွန်ပျူတာဖန်သားပြင်ပေါ်တွင် ဖတ်လေ့ ဖြစ်လာချိန်တွင် သည်စာရေး နည်းက အတော် ကြီး ခေတ်မီသည့်နည်း ဖြစ်နေပါတော့သည်။ ထိုနည်းပညာကို မိတ်ဆက်ကာ ထိုနည်းပညာမှပေးသော ရသကို အထောက်အကူပြုပစ္စည်းများ ဖြစ်သော ကွန်ပျူတာ၊ အင်တာနက်များ ဖြင့် တင်ဆက်ပြသမှု များ သည့် Interrupt ၏ အဓိကကျသော အရာများ ဖြစ်ပေသည်။ ကွန်ပျူတာတွင် အသုံးပြုတတ်သော ကုတ်ဝေါဟာရ IRQ ကို

အခြေခံထားခြင်း ဖြစ်ပေသည်။ ထိုကုမှာ ကွန်ပျူတာ၏ အဓိက အလုပ်လုပ်သည့် ယူနစ်ကို အမိန့်ပေးပါသည်။ ထိုအမိန့်က လက်ရှိအလုပ်ကိုရပ်ပြီး နောက်အလုပ်ကို လုပ်ခွင့်ပေးဖို့ပါဆိုသည့် သဘောဆောင်သည်။ ကြားဖြတ်သည်ဆိုသော သဘောသက်ရောက်သည်။ JRQ ၏ နောက်အသံထွက်အနက်တစ်ခုမှာ J argue လည်း ဖြစ်သကိုး။ ပွဲတော် ၏ ရည်ရွယ်ချက်မှာ စာအရေး အသားပုံစံသစ်နှင့် ပတ်သက်ပြီး ပြောဆိုငြင်းခုံကြဖို့ပင်။ အိုင်တီခေတ်မှာ စာအရေး အသားတင်ဆက်ပုံသည် လက်ရှိ နည်းပညာအသုံးအဆောင်များ ကို အသုံးချပြီး လူများ ၏ ရှိရင်းစွဲယဉ်ပါးပြီး သား အနုပညာပုံသဏ္ဍာန်များ ကြားသို့ တိုးဖြတ်နှောင့်ယှက်သကဲ့သို့ ဖြစ်အောင် ကြိုး စားလာခြင်း ဖြစ်သည်။

ထိုနည်းပညာကို အသုံးပြုပြီး စာရေး သူများ ကား ကလောင်မကိုင် ကြတော့။ အမှန်တော့ ကိုယ်သည်ပင်လျှင် ကလောင်မကိုင်ဘဲ ကီးဘုတ်ကိုင် ကာ စာရေး လာခဲ့သည်မှာ ဆယ်စုနှစ် တစ်စုကျော်ခဲ့လေပြီ။ သို့သော် ကိုယ် တို့က ကီးဘုတ်မှာ လက်ကွက်ကို အသုံးချပြီး စာစီစာရိုက်ရုံသာ။ သူတို့က တော့ စကားလုံးများ အပြင် နည်းပညာအကူအညီဖြင့် အရုပ်ကိုလည်း ပေါင်းစပ်သည်။ အသံကိုလည်း ထည့်သွင်းသည်။ သည်တော့ အရသာကား မတူတော့။ သည်ပွဲမှာ လူကြိုက်များ စိတ်ဝင်စားခံရသော အဖွဲ့က Young-Hae Cheng Heavy Jndustries ဖြစ်သည်။ ကိုရီးယားမှ စာရေး ဆရာ အမျိုးသမီးတစ်ဦးနှင့် အမေရိကရောက် ကိုရီးယားကျောင်းသားတစ်ဦးတို့ ပူးပေါင်းတင်ဆက်ကြခြင်း ဖြစ်သည်။ ပါဝါပွိုင့်တင်ဆက်ပုံမျိုး ခပ်ရိုးရိုး တင်ဆက်မှု တွင် ပြကွက်ပြချက်များ ကို အဖြူရောင် နောက်ခံတွင် စာလုံးအရွယ် အစား ကြီးကြီးမားမားဖြင့် ဝါကျများ ကိုတင်ဆက်ပြီး နောက်ခံက ထိုဝါကျများ ထက် အနည်းငယ်ပိုရှည်သော စာပိုဒ်များ ကို အသံထွက်တင်ဆက်ကြခြင်း ဖြစ်သည်။ သူတို့နှစ် ယောက် ၏ တင်ဆက်မှု မှာ နည်းပညာ၏ အကူအညီ ကို အလွန်အကြူး မသုံးထားသဖြင့် ပွဲတော် လာ ပရိသတ်အများ စုက နားလည် နိုင်ကြသည့်အတွက်လည်း ကမ္ဘာအရပ်ရပ်မှာ သူတို့တင်ဆက်မှု က အောင်မြင် နေလေသည်။
နောက်ထပ်တင်ဆက်သူအချို့မှာ ကမ္ဘာ့နိုင်ငံအသီးသီးက ဖြစ် ကာ လူငယ်များ ပီပီ

နည်းပညာကို ကောင်းကောင်းကြီး အသုံးချထားကြ သဖြင့် စကားလုံးများ ၊ ဝေါဟာရများ ဖြင့် တင်ဆက်ထားသည့် ရုပ်ရှင်ဆန်ဆန် ကြည့်စရာ၊ ခံစားစရာ အနုပညာတစ်ခုကဲ့သို့ တွေ့မြင်ကြရလေသည်။ ထို တင်ဆက်သူများ ထဲမှာ Cris Cheek က ခေါင်းတုံးပြောင်ပြောင်၊ စကော့ တလန်စကတ် ဝတ်ထားပြီး ကိုယ်ခန္ဓာက ကျားစီးဖားစီးမို့ မြင်ရရုံနှင့် ထူးခြားနေသူပင်။ သူ့တင်ဆက်မှု များ ကလည်း ထူးခြားသည်။ သူက မြင်ကွင်းပေါ်ကို ဒြပ်မဲ့ဆန်သည့်ပုံရိပ်များ ကို အရောင် မှော င်မှော င်မိုက်မိုက်များ ဖြင့် ပြထားပြီး သူက ပရိဂျက်တာရှေ့မှာ တစ်စိတ်တစ်ပိုင်းကာပြီး ရပ်လိုက် ပြန်သဖြင့် သူ့ခေါင်းတုံးအရိပ်က ပိတ်ကားပေါ်မှာ ကျနေပြန်သည်။ သူ ရွတ်သွားသည့်အကြောင်းအရာအများ စုက ကဗျာဆန်သော အတွေ းအမြင် များ ပင်။ ထို့ကြောင့် လတ်တလောပြသနေသည့် စက်ရုပ်သတင်းဆိုးတစ်ပုဒ် ကို ကဗျာဆန်ဆန် ခံစားနေရသည့်ရသမျိုး ဖြစ်စေပြန်သည်။ နောက် ထူးခြား သူတစ်ဦး ကတော့ Marco Niemi ဖြစ်သည်။ သူက ဥရောပမှလာသူ ဖြစ်ပြီး လူငယ်ပီပီ ဂိမ်းနည်းပညာကို အားပြုကာ စကားလုံးနှင့် ဝေါဟာရများ ကို ဂိမ်းတင်ဆက်မှု တစ်ခုမှာ ကဲ့သို့ လှုပ်ရှားပြောင်းလဲသွားခိုက်အနက်များ ၊ ခံစား ချက်များ ကွဲပြားသွားရန် အားထုတ်ထားလေသည်။ ထိုသို့ နိုင်ငံတကာမှ လျှပ်စစ်စာရေး ဆရာများ ၏ လက်စွမ်းကို ခံစားကြပြီးသည့်အခါ အညို့ရင်သွေး၊ စာပေအနုပညာဌာန၏ မဟာဝိဇ္ဇာကျောင်းသား၊ ရောဘတ်ကူးဗား၏ တပည့် တစ်ဦးမှလည်း လက်စွမ်းပြပြန်ပါသည်။ သူ့လက်စွမ်းပြမှု ကတော့ အင်တာ နက်နှင့် ပါ ချိတ်ဆက်ပြီး ပရိသတ်ကပါ ပူးပေါင်းပါဝင်ကြရသည့်တင်ဆက်မှု ဖြစ်နေသည်မို့ တစ်မူထူးခြားသွားပြန်ပါသည်။ သူက အင်တာနက်ဝက်ဘ် ဆိုက်လိပ်စာတစ်ခုကို ပရိသတ်အားပေးကာ ထိုဝက်ဘ်ထဲသို့ အားလုံးဝင်ရောက်ပြီး အသင့်စောင့်နေစေသည်။ သူကလည်း ထိုဝက်ဘ်စာမျက်နှာပေါ်မှာ ရှိနေသည်မို့ သူက စကားလုံးတစ်လုံး၊ ဝေါဟာရတစ်ခု၊ စာကြောင်းတစ် ကြောင်းကို အလျင်ဦးဆုံး ရိုက်ထည့်လိုက်ပြီး ပရိသတ်မှလည်း အဆင်ပြေ သည့် စကားလုံး၊ ဝေါဟာရနေရာများ မှာ အပေါ်က ထပ်ရိုက်ကာ ပြင်ကြ၊ ဖြည့်ကြလုပ်ကြရန် တိုက်တွန်းသည်။ ထိုအခါ စကားလုံးတွေ ၊ ဝေါဟာရ တွေ က အစဉ်အမြဲ ပြောင်းလဲနေသည်။ ထိုပြောင်းလဲသမျှကို သူက အသံဖြင့် လိုက်ဖတ်သည်။ တက်ရောက်လာသည့် ပရိသတ်တွေ ကလည်း စာရေး ဆရာ ဖြစ်လျှင် ဖြစ်၊

မ ဖြစ်လျှင် စာပေအနုပညာကို လေ့လာနေသည့်ကျောင်းသားများ ဖြစ်သကဲ့သို့ စာပေဝါသနာပါသူများ ဖြစ်ရာ ပေါ်လာသည့်ဝေါဟာရတစ်ခုနှင့် ဆက်စပ်မည့် တွဲဖက်အနက်၊ ဆန့်ကျင်ဘက်အနက်ရှိနေသည့် ဝေါဟာရများ ကို ဆက်တိုက်ဆိုသလို ဖြည့်ကြပြင်ကြ ဝင်စွက်ကြတော့သည်။ အမှန် တကယ်ပင်ရှုပ်ထွေးမမကစအ လုပ်ကြကတော့သည်။ ထိုအခါ တင်ဆက်သူက အတတ်နိုင်ဆုံး အမြန်နှုန်းဖြင့် ပေါ်သမျှဝေါဟာရများ ကို လိုက်လံရွှတ်ဖတ်ရာမှ အလွန်လှပပြီး အနက်ကြွယ်သည့် လက်တန်းကဗျာတစ်ပုဒ် ဖြစ်လာတော့ သည်။ ထိုကဗျာကား သိမ်းထား၍ လည်းမရ၊ နောင်တစ်ချိန်မှာ ပြန်ရှာ၍ လည်းမရနိုင် သည့်အပြင် မူပိုင်ကဗျာရှင်ဟူ၍ လည်း တစ်ဦး တစ်ယောက် တည်း မဟုတ်မူဘဲ တင်ဆက်သူနှင့် ပရိသတ်တို့ အားလုံး၏ စုပေါင်းဖန်တီး မှု အ ဖြစ် ခံစားလိုက်ကြရသည်။ သည်တင်ဆက်မှု အပြီးမှာ တော့ ကိုယ်သည် လည်း အညို၏ ထူးခြားမှု နှင့် လွတ်လပ်မှု ကိုအရသာ အတွေ့ကြီးတွေ့သွားတော့ သည်။ ကူးမား၏ တီထွင်မှု များ အနက် အများ က ဝေဖန်ချင်စရာအကောင်း ဆုံး၊ စာပေ ပုံသဏ္ဍာန်အရ အထူးခြားဆုံးနှင့် ဖန်တီးမှု စရိတ် အကြီးဆုံး တီထွင်မှု ကို ပြရလျှင် The Cave ဖြစ်ပါမည် ။ ထိုတီထွင်မှု မှာ နာမည် အတိုင်း စာပေရသကို လှိုဏ်စစ်ဂူတစ်လုံးထဲ ဝင်ခံစားရသည့်တီထွင်မှု ဖြစ်ပါ သည်။ ထို့ကြောင့် ထိုတီထွင်မှု ကိုခံစားမည့် ပရိသတ်ဦးရေမှာ အကန့် အသတ်ရှိနေတော့သည်။ လှိုဏ်စစ်ဂူထဲကို တစ်ချိန်တွင် ပရိသတ် ၅ ဦးထက် ပိုဝင်၍ မရချေ။ ဂူဆိုသည့်အတိုင်း အကျယ်အဝန်းက ခြောက်ပေပတ်လည် လောက်ရှိသည့် အခန်းတစ်ခန်း ဖြစ်ပြီး နံရံလေးဘက်နှင့် အမိုးကို ကွန်ပျူတာ ဖန်သားပြင်သဖွယ် ဖန်တီးထားလေသည်။ ဂူအပြင်မှာ က ထိုဖန်သားပြင်နံရံ များ ပေါ်တွင် ပေါ်မည့် ပုံရိပ်နှင့် အသံများ ကို ကွပ်ကဲထိန်းချုပ်ပေးမည့် ကွန်ပျူတာကြီးများ ရှိနေသည်။ ဂူအတွင်း းမှာ ရုံဖန်ရုံခါ ကြမ်းခင်းပေါ် (သို့ မဟုတ်) ကြမ်းပေါ်တင်ထားသည့်စားပွဲပုတစ်လုံးပေါ် ပုံရိပ်များ ထင်နိုင် အောင်လည်း စီစဉ်ထားပြီး ထိုကဲ့သို့ မျက်နှာပြင် ၅ ဖက်တွင် ပေါ်လာမည့် ပုံရိပ်များ ကို ပကတိမျက်စိဖြင့် လည်း ကြည့်၍ မရပေ။ ၃ ဖက်မြင်မျက်မှန် ဖြင့် သာ ထိုပုံရိပ်များ ကို ကြည့်နိုင်လေသည်။ ၃ ဖက်မြင် မျက်မှန်ဖြင့် ကြည့်ရသည်ဆိုသည့် အခါမှာ လည်း ပင်မမျက်မှန်တစ်လက်ကို ကွန်ပျူတာ ကြီးဖြင့် ဆက်သွယ်ထားပြီး ထိုမျက်မှန်တပ်ထားသော ပရိသတ်က ဂူကြည့် စာဖတ်ပရိသတ် ၅

ဦးအနက် အရေး အကြီးဆုံးသူ ဖြစ်လာလေသည်။

ထိုသူတပ်ထားသော မျက်မှန်ကိုမှ ကျန်ပရိသတ်များ ၏ မျက်မှန်များ က ချိတ်ဆက်ထားသဖြင့် ထိုသူက ဂူအတွင်း ရှေ့တိုးနောက်ဆုတ်လုပ်ကာ စူးစမ်း သည်နှင့် အမျှ ကျန်လူများ မြင်ရမည့် ပုံရိပ်များ မှာ အပြောင်းအလဲ ဖြစ်သွား တတ်လေသည်။ ကိုယ်ကြည့်ခဲ့ရသည့် ဂူပွဲတစ်ပွဲမှာ မိနစ် ၃၀ ခန့် ကြာမြင့်ပြီး ပြဇာတ်ဆရာအ ဖြစ် ကျော်ကြားသော ဆယ်မျူရယ်ဘက်ကက်၏ ပြဇာတ် တစ်ပုဒ်မှစာသားများ ကို စကားလုံးများ၊ ဝေါဟာရလျှပ်ပုံရိပ်များ အ ဖြစ် အသွင် ပြောင်းထားသကဲ့သို့ နောက်ခံစကားပြောမှာ လည်း တကယ့်ပြဇာတ်တစ်ပုဒ် အသွင် တင်ဆက်ထားလေသည်။ ကွန်ပျူတာ စကရင်ဆေဗာမှာ ပေါ်လာ တတ်သည့်စကားလုံးများ လှုပ်ရှားနေသည့်ပုံရိပ်များ ထက် ထူးခြားဆန်းကြယ် သော အလင်းအမှောင်၊ အရောင် အသွေး၊ အပြေးအလွှား၊ အနေးအငြိမ် စုံလင်လှသော ဖန်တီးချက်များ ၏ ညှို့ယူဖမ်းစားမှု နှင့် အတူ အသံ၏ ပံ့ပိုးမှု ကြောင့် လည်း ဆယ်မျူရယ်ဘက်ကက်၏ အရေး အသားသည် မျက်ဝန်းနှင့် နားတို့တွင် သာ ရပ်တန့်မနေမှုဘဲ ရင်ထဲ၊ အသည်းထဲ၊ ဦးနှောက်ထဲအထိ ဝင်လာရပေတော့သည်။ ဂူအတွင်းမှာ ရပ်ကြည့်ခံစားရသဖြင့် လည်း ပြင်ပ အနှောင့်အယှက်လုံးလုံးမရှိမှုဘဲ ပြဇာတ်စာသားများ ထဲသို့ သာ စိတ်ကိုနှစ် ထားနိုင်သည်မို့ အတော် ကြီးသဘောကျဖွယ် ဖန်တီးမှု သာ ဖြစ်ပါလေသည်။ ထိုဖန်တီးမှု မှာ စရိတ်စက အကုန်အကျများ သည့်အပြင် လူအများ စုလည်း တစ်ပြိုင်နက်တည်း မခံစားနိုင်သဖြင့် အချို့သော ဝေဖန်ရေး ဆရာများ ကတော့ လူကုံထံပညာတတ် ပရိသတ်အတွက်သာ အကျိုးရှိမည့် ဖန်တီးမှု အ ဖြစ် ဝေဖန်ကြပြန်ပါသည်။ မည် သို့ ပင် ဖြစ်စေ အသက် ၈၀ နား နီးကပ်လာသည့် အခိုက်အတန့်မှာ ပင် ခေတ်နှင့် လျော်ညီသော နည်းပညာကို အသုံးချကာ ဂန္ထဝင်စာပေကို(လူကုံထံပညာတတ်) ပရိသတ်များ ခံစားနိုင်ရန် ကြိုး ပမ်းသည့် တီထွင်နိုင်သူကြီး ရောဘတ်ကူးဗား၏ အစွမ်းကိုလည်း အောချီးကျူး မိရ ပြန်ပါသည်။ တီထွင်ဖန်တီးမှု ကို မရပ်မနားပြုသကဲ့သို့ ခေတ်၏ အပြောင်းအလဲ ကို မျက်ခြည်မပြတ်ရုံမက ခေတ်ရှေ့ကပင်ပြေးနေသည့် ကူးဗားလို စာရေး ဆရာကြီး၏ တပည့် ဖြစ်ခွင့်ရသော အညို၏

ရင်သွေးကျောင်းသားများ ကံ ကောင်းကြသကဲ့သို့ သူ့ကို ခင်မင်ရင်းနှီးကာ နောင်မှာ အလုပ်တွေ အတူ တွဲ ဖက်လုပ်ကိုင်ခွင့်ရသည့် ကိုယ့်မှာ လည်း အလွန်ကံကောင်းလှဟု တွေးလာ မိပါသည်။ အညို့ ရင်ခွင်ကို မရောက်မီက ကူးဗားကို စျေးဆစ်လိုက်၊ ကြေး များ လိုက်လုပ်ခဲ့မိသမျှအားလည်း အလွန်အကြူး အားနာ လာမိရပါတော့သည်။

*

## အညို့ပရဝဏ်နှင့် လုံခြုံအေးချမ်းမှု

အမှန်မှာ အညို့ ဝန်းကျင်သည် အလွန်ပင်အေးချမ်းလှပသည့် ဝန်း ကျင် ဖြစ်သည်။ အမေရိကရှိ တက္ကသိုလ်ကြီး အများ စုမှာ မြို့ နှင့် အတန်ငယ် အလှမ်းဝေးရာ တောင်ကုန်းများ ပေါ်တွင် ရှိနေတတ်သည်မို့ အညိုသည်လည်း တောင်ကုန်းလေးပေါ်မှ တက္ကသိုလ်တစ်ခု ဖြစ်သည်။ အမေရိကမှာ အိုင်ဗီ လိဂ်ခေါ် ပညာရေး ၊ အားကစားနှင့် လူမှု ရေး အရ ထိပ်တန်းအကျဆုံး တက္ကသိုလ်စုစုပေါင်း ၈ ခုရှိရာ အညိုက တစ်ခုအပါအဝင် ဖြစ်သည်။ ထိုထိပ်တန်းတက္ကသိုလ် ၈ ခုစလုံးက အရှေ့မြောက်ပိုင်း နယူးအင်္ဂလန် ဒေသမှာ ရှိနေပြီး ဟားဗတ်တက္ကသိုလ်၊ ယေးလ်တက္ကသိုလ်၊ ကော်နဲ တက္ကသိုလ်၊ ကိုလံဘီယာတက္ကသိုလ် ပင်ဆယ်လ်ဗေးနီးယားတက္ကသိုလ်၊ ပရင့်စ်တန်တက္ကသိုလ်နှင့် ဒါးမောင့်သ်ကောလိပ်တို့ ပါဝင်သည်။ ထိုကြောင့် ဘရောင် းတက္ကသိုလ်မှာ မည်သည့်တာဝန်မျှကြီးကြီးမားမားမရှိဘဲ သူတို့ အခေါ် Faculty ပညာရှင်အ ဖြစ် နေခွင့်ရခြင်းသည် အေးချမ်းသည့် အခွင့်ထူး ပင် ဖြစ်လေသည်။ အညို၏ ပရဝဏ်ကား ကျန်အမေရိကန် တက္ကသိုလ်များ နှင့် ယှဉ်လျှင် ကျယ်ဝန်းလှချည့် မဟုတ်သော် လည်း အတော်အတန်ကျယ်ဝန်း သည်။ ဥရောပများ ကြီးစိုးနေထိုင်ခဲ့သည့်အတွက်လည်း ဥရောပဟန်ဆန်သည်။ ပရဝဏ်အတွင် းရှိ အဆောက်အအုံအချို့မှာ ၁၉ ရာစုကတည်းက ဆောက်ထားသည့်အတွက်လည်း ဥရောပမြို့ ငယ်လေးသဖွယ် ဖြစ်နေသည်။ ထူးခြားချက်တစ်ခုမှာ ပရဝဏ်အတွင် းရှိ ပုဂ္ဂလိကပိုင်အိမ်များ ၏ ရှစ်ဆယ် ရာခိုင်နှုန်းခန့်မှာ

Faculty ပညာရပ်ဆိုင်ရာဆရာများ၊ Tenure အမြဲတမ်း ပါမောက္ခများ စသည့် ဆရာ၊ ဆရာမ များ ပိုင်ဆိုင်သည့်အိမ်များ ဖြစ်နေခြင်း ပင်။ အညိုကို ၁၇၆၄ ခုနှစ် ကတည်းက တည်ထောင်ခဲ့ခြင်း ဖြစ်ရာ နောက်ပိုင်း တက္ကသိုလ်ချဲ့ထွင်လာသည့်အခါ တက္ကသိုလ်ဝန်ထမ်းများ ဖြစ်ကြသည့် ဆရာ၊ ဆရာမ များ ကို ပရဝဏ်နှင့် အနီးဆုံးတွင် နေထိုင်ကြစေခြင်းဖြင့် အားလုံး အတွက် အကျိုးများ မည် ဟု ဆုံးဖြတ်ကြရာမှ ဆရာ၊ ဆရာမ များ ကို စျေးနှုန်း သင့်စွာ ရောင်းချပေးရန် အညိုက စီစဉ်ခဲ့လေသည်။ ထို့ကြောင့် လည်း စာပေအန ပညာဌာနမှ အမြဲတမ်း ပါမောက္ခ ဖြစ်သော ရောဘတ်ကူးဗားက သူ့ဌာနရှိရာ ၆ ေနှစ် ပိုင်းတစ်ပိုင်း၊ အညိုလမ်းနှင့် ထောင့်မှန်ကျနေသည့် လမ်းချိုးလေးထဲ မှာ အိမ်ရှိနေသည်။ ထိုသို့ ဖြင့် အညို၏ ဆရာ၊ ဆရာမ များ သည် အညို၏ ကျောင်းသားများ နည်းတူ အညို ရင်ခွင်ထဲမှာ ပင် ရှိနေတော့ သည်။

အညို၏ နောက်ထပ် ထူးခြားပြီး အခွင့်ထူးမှု တစ်ခုမှာ သယ်ယူ ပို့ဆောင်ရေး ဖြစ်သည်။ အညိုသည် ရို့ဒ်အိုင်း လင်းပြည်နယ်ဟုခေါ်သော အမေရိက၏ အသေးငယ်ဆုံး ပြည်နယ်လေးတွင် ရှိရာ အညိုမှထုတ်ပေးထား သည့် ကျောင်းသားကတ်၊ ဆရာကတ်၊ ဝန်ထမ်းကတ်များ ဖြင့် ထိုပြည်နယ် တစ်ခွင် ပြေးဆွဲသော လိုင်းကားဘတ်စ်ကားများ အားလုံးကို အခမဲ့စီးနင်း နိုင်ခြင်းပင်။ ထိုအခွင့်အရေး က ကိုယ်တို့ကဲ့သို့ နိုင်ငံခြားသားများ အတွက် ပိုပြီးအကျိုးများ စေသည်။ ကိုယ်တို့မှာ ကိုယ်ပိုင်ကား ငှားခြင်း၊ ဝယ်ခြင်း မလုပ်ကြသည့်အတွက် လိုင်းကားကို အားထားစီးကြရသည်။ လိုင်းကား နံပါတ်က အများ အပြားရှိပြီး ကိုယ်ပိုင်ကားစီးသူများ သည့်အတွက်လည်း လိုင်းကားများ မှာ နာရီဝက်၊ တစ်နာရီမှ တစ်စီးဆိုသကဲ့သို့ ပြေးတတ်ကြရာ အမှာ းမခံ၊ မှာ းစီးလျှင် အချိန်ရော ငွေပါ ကုန်သွားနိုင်သည်ကိုး။ ထို့ကြောင့် လိုင်းကားစီးကာ သွားလိုရာကို သွားခါနီး လျှင် အခမဲ့ စီးခွင့်ရသည့်တိုင် မည် သည့်နံပါတ်ကို မည် သည့်ကားဂိတ်တွင် စီးသင့်ကြောင်း ဂူဂဲလ်မြေပုံမှာ ဝင်ရှာပြီးမှသွားရသည်။ လိုင်းကားစာရင်းနှင့် အချိန်ဇယားကို သူတို့ ဝက်ဘ်စာမျက်နာမှာ ဝင်ကြည့်နိုင်သော် လည်း ကိုယ်သွားလိုသည့် လိပ်စာသိ ရုံဖြင့် မည် သည့်လိုင်းကားနံပါတ်ကို စီးရမည် မှန်း လွယ်လွယ်ဖြင့် မသိနိုင်ရ ကား ဂူဂဲလ်၏

အကူအညီမပါလျှင် အလုပ်မတွင် ချေ။ ဂူဂဲလ်မြေပုံ ဝက်ဘ်စာ မျက်နှာမှာ က ကိုယ့်အိမ်လိပ်စာနှင့် သွားလိုသည့်လိပ်စာကို ရိုက်ထည့်လိုက် လျှင် သွားနိုင်သည့်လမ်းသုံးသွယ်လောက် ပြထားတတ်သည်။ မည် သည့် အချိန်တွင် မည် သည့်ကားဂိတ်မှ မည် သည့် နံပါတ်လိုင်းကားကိုစီးပြီး လိုအပ် လျှင် မည် သည့်ဂိတ်မှာ နောက်ထပ် မည် သည့် ကားနံပါတ်ကို ပြောင်းစီးကာ မည် သည့်ဂိတ်တွင် ဆင်းပြီး မည် မျှကြာအောင် မည် သို့ လမ်းဆက်လျှောက်ပါ က ရောက်နိုင်ကြောင်း၊ ခရီးစဉ် အစအဆုံးအတွက် မိနစ်မည် မျှကြာမြင့်မည် ဖြစ်ကြောင်း အဖြေပေးတတ်သည်ကိုး။ ထို့ကြောင့် အမေရိကမှာ နေခဲ့သည့် နှစ် နှစ် လုံးလုံး ဂူဂဲလ်မြေပုံ၏ အကူအညီဖြင့် သာ လိုင်းကားရော၊ ကိုယ်ပိုင်ကား ဖြင့် ပါ ခရီးတိုရှည်ပေါင်းရာထောင်ချီ သွား ဖြစ်ခဲ့ရပါသည်။ ထိုသို့ လိုင်းကားများ ကို ပြောင်းပြီးစီးရလျှင် အညို့မှ ထုတ်ပေးထားသည့် ကတ်ကလေးကို ဘတ်စ်ကားမောင်းသူနားရှိ လက်မှတ်ဝယ်စက်ကလေး၏ သတ်မှတ်ရာနေရာ တွင် ထိလိုက်ရုံဖြင့် ရို့ဒ်အိုင်းလန်းပြည် နယ်တစ်ခွင်မှာ တရားဝင်ကားစီးခွင့် ရခြင်းကလည်း အညို့ ရင်ခွင်ဖွားများ အတွက် ကောင်းခြင်းတစ်ချက် ဖြစ်လေ တော့သည်။

အညို့ကား အမေရိကန်ကျောင်းပီပီ ညနက်ပိုင်းမှာ မလုံခြုံတတ်သည့် အခိုက်အတန့်မျိုးလည်း ရှိနေပြန်ပါသည်။ စိတ်မမှန်ရွေ့ ဖြစ်စေ၊ အကြမ်းဖက် လို၍ ဖြစ်စေ အကြမ်းဖက်သူများ က အညို့ ပရဝဏ်မှာ ရှိနေတတ်သည်။ သည်တော့ အညို့က သူ့ ရင်သွေးများ ကို လုံခြုံအောင်ထားရန် အခမဲ့အကြိုအပို့ အစီအစဉ်တစ်ခုလည်း လုပ်ပေး ထားပြန်သည်။ ထိုအစီအစဉ် ကတော့ အညို့ရှိရာ ပရောဗီဒင့်စ်မြို့ ၏ နောက်ထပ်နာမည် ကျော် ကျောင်းတစ်ကျောင်း ဖြစ်သည့် Rhode Island School of Design ဒီဇိုင်းကျောင်းနှင့် တွဲ ဖက်အစီအစဉ် ဖြစ်သည်။ ဒီဇိုင်းကျောင်းက အညို့ရှိရာ တောင်ကုန်း၏ အခြေပိုင်းတွင် ရှိပြီး နှစ် ကျောင်းလုံးရှိ ဆရာ၊ ကျောင်းသား၊ ဝန်ထမ်းများ မှာ ထိုအနီးနားတစ်ဝိုက်တွင် နေထိုင်ကြသည်မို့ ကျောင်းနှစ် ကျောင်းက ထိုအစီ အစဉ်ကို စီစဉ်ထားကြခြင်း ဖြစ်သည်။ ထိုအစီအစဉ်မှာ ည ၇ နာရီမှ နံနက် ၅ နာရီကြားအတွင်း ကျောင်းနှစ် ကျောင်းတံဆိပ် ပါသည့် ဆလွန်းကား များ က တက်စီသဖွယ် ပတ်လမ်းနှစ် မျိုးမှာ

၁၅ မိနစ်တစ်ကြိမ် ပတ်မောင်းကြ ကာ အကူအညီလိုအပ်နေသည့် ကျောင်းသားကတ်၊ ဆရာကတ်၊ ဝန်ထမ်း ကတ် ပြနိုင်သူများ ကို သွားလိုရာအရောက် လုံခြုံစိတ်ချစွာ အခမဲ့ပို့ဆောင် ပေးကြခြင်းပင်။ အမေရိကရောက်ကတည်းက ရန်ကုန်ကျင့်ပျောက်ကာ မှောင် လာချိန် စရိက်ထူးခြားသည့် လူမျိုးများ မြင်လျှင် ရဲကားကို အားကိုးတကြီးရှာနေမိတတ်သည့် ကိုယ့်အဖို့ ထိုအစီအစဉ်ကား ကြီးစွာ သော အားကိုးရာပင်။ ထို့ကြောင့် လည်း ၂၀၀၅ ခုနှစ် က နာမည် ကျော် ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်မှာ နေခဲ့စဉ်က နာမည် ကျော် ဘော်လ်တီမိုး၏ ညနေခင်းများ ကို တစ်ကိုယ်တော် မဖြတ်သန်းရဲခဲ့သမျှ အညို ၏ ညနေခင်း၊ ညခင်းများ ကို တစ်ကိုယ်တော် ဖြတ်သန်း ဖြစ်ခဲ့ရပါသည်။ အညိုကား ထိုကဲ့သို့ လည်း ကိုယ့်အပေါ် လုံခြုံမှု ကို ပေးပြန်သည်ကော။

သေယာလမ်းမနှင့် အညို့ အလှ

အညိုသည် တောင်ကုန်းပေါ်မှာ တည်ထားသော ကျောင်း ဖြစ်သဖြင့် ဘတ်စ်ကားများ နှင့် ကိုယ်ပိုင်ကားများ ၊ လူများ ရောထွေးပြီး သွားလာလျှင် ရှုပ်ထွေးနိုင်သဖြင့် အညိုရှိရာတောင်ကုန်းကို တက်သည့်လမ်းအား နှစ် မျိုး ဖောက်လုပ်ထားလေသည်။ တစ်မျိုးမှာ တောင်ကုန်းအသားကိုထွင်းပြီး ဥမင် ဖောက်ထားကာ ထိုလမ်းကို ဘတ်စ်ကားများ သာ သုံးသည်။ နောက်လမ်းမှာ တော့ သာမန်ကားလမ်း ဖြစ်ကာ ကိုယ်ပိုင်ကားများ နှင့် လူများ အသုံးပြုရန် ဖြစ်သည်။ ထို့ကြောင့် အညိုရှိရာဝန်းကျင်သည် ပရောဗီဒင့်စ်မြို့ ကို လှမ်းမြင် နေရပြီး ဘတ်စ်ကားတွေ လည်း ရှုပ်ယှက်ခတ်မနေချေ။ အညို့ ပရဝဏ်မှာ အထူးထင်ရှားပြီး လူအစည်ကားဆုံးနေရာ ကားသေယာလမ်းမကြီး ဖြစ်သည်။ ကိုယ်နေရန် စီစဉ်ပေးထားသော အခန်းမှာ သေယာလမ်းမကြီးအား ထောင့်မှန် ကျနေသော လမ်းသွယ်တစ်ခု ဖြစ်သည့် ဘိုဝင်န်လမ်းမှာ ဖြစ်ပြီး ကိုယ့်ရုံးခန်းရှိရာ ဝတ်ဆင်အပြည်ပြည်ဆိုင်ရာဌာနမှာ သေယာလမ်းမကြီးပေါ် ၁၂ မိနစ်မျှလမ်းလျှောက်လျှင် ရောက်နိုင်သော နေရာတွင် မို့ ကိုယ့်မှာ သေယာကို နေ့စဉ် ယဉ်ပါးခဲ့ရလေသည်။ ဝတ်ဆင်အဆောက် အအုံနှင့် ကိုယ်နေထိုင်ရာ ဘိုဝင်န် လမ်းထိပ်တို့မှာ အညို့ ပရဝဏ်၏ ဘယ်နှင့် ညာအစွန်တစ်ဖက်စီတွင် ရှိလေ သည်။ သေယာလမ်းပေါ်မှာ ကော်ဖီဆိုင်များ ၊ အလှပြင်ဆိုင်၊

ဖက်ရှင်ဆိုင်များ ၊ စာအုပ်ဆိုင်၊ စတိုးဆိုင် စသဖြင့် ဆိုင်ပေါင်းမြောက်မြားစွာ ရှိသဖြင့် ကျောင်းဖွင့် ရက်များ တွင် သာမက ကျောင်းပိတ်ရက်များ တွင် ပါ လူစည်ကားနေတတ် သည်။ လမ်းမကြီးမှာ အကွေ့အကောက် မရှိသလောက် ဖြစ်ကာ ကုန်းပြင် အနိမ့်အမြင့် ဆင်ခြေလျှောလောက်သာရှိသည့် လမ်းမ ဖြစ်လေသည်။

အညို၏ ကျောင်းအဆောက်အအုံအသီးသီးမှာ ဥရောပခေတ် လက်ရာမျိုး ဖြစ်နေသည်မို့ ထုနှင့် ထည်နှင့် ရှေးဟောင်းအဆောက်အအုံများ ဖြစ်ကြကာ ကျောင်းပရဝဏ်အတွင်း း လမ်းလျှောက်ရသည့်အခါမှာ ပင် စိတ် ထဲတွင် ခမ်းနားကြီးကျယ်မှု ၊ ရှေးဟောင်းဆန်မှု တို့ကို ခံစားရနိုင်သည်။ ဆောင်း ကာလများ ဆိုလျှင် နှင်းခဲနှင်းမှု န်များ ဖုံးလွှမ်းနေသည့် အညို့ ပရဝဏ်သည် လွမ်းမောချင်စရာ ဖြစ်သည်။ အပင်များ အားလုံးတွင် အရွက်များ မရှိတော့သော် လည်း နှင်းခဲနှင်းချောင်းများ တွဲ သီခိုနေလေ့ရှိပြီး နေမွန်းတည့်ခါနီး မှ ထွက်လာ တတ်သည့် နေရောင် ခြည်ဖျော့ဖျော့အောက်မှာ အဝတ်အစားထူထူကြီးများ ဝတ်ထား သည့် ကျောင်းသား၊ ကျောင်းသူများ ၊ ဆရာ၊ ဆရာမ များ နှင့် ရှေးဟောင်း နှင့် ခေတ်သစ်လက်ရာ အဆောက်အအုံများ ကို တွေ့ရသည်မှာ မည် သည့် အရာကို လွမ်းရမှန်းမသိဘဲ လွမ်းရသကဲ့သို့ ဖြစ်တတ်လေသည်။ ရာသီ အလွန်အေးလာလျှင် ဝတ်ဆင်ရှိ ရုံးခန်းသို့ပင် မသွားချင်တော့ဘဲ ကိုယ့်အိမ်ခန်း လေးထဲမှာ သာ ကုပ်နေကာ ပြတင်းမှတစ်ဆင့် ပြင်ပက နှင်းကမ္ဘာကိုလှမ်း ကြည့်ပြီး သက်ပြင်းမောတွေ ချနေ ဖြစ်ခဲ့သည်။ တစ်ကိုယ်တော် ဖြစ်နေရသည့် အပြင် အလင်းရောင် မှာ လည်း မှု န်ပျပျသာ ဖြစ်နေသဖြင့် အလိုလိုနေရင်းကပင် ဆွေးလွမ်းလွမ်းကြီး ဖြစ်နေတတ်သည့် ဆောင်းရက်များ သည် အညို့ အကြောင်း တွေးလျှင် ပေါ်လာမြဲတည်း။ အမှန်မှာ နွေဦးကာလတစ်လျှောက်လုံး အညို့ ပရဝဏ်၏ အလှအပနှင့် စိမ်းစိုဝေဆာမှု ကို ယနေ့တိုင် မမေ့သေးသော်လည်း ဆောင်းရက်များ မှ အညို့ရုပ်ပုံလွှာက အိမ်လွမ်းနာကို မီးလောင်ရာ လေပင့် ပေးနိုင်သဖြင့် ပိုပြီး စွဲထင်နေခဲ့ခြင်းလည်း ဖြစ်ပေမည် ။ နွေဦးရောက်သည့်အခါ ထိုကိုယ်လုံးတီး သစ်ပင်အသီးသီးမှာ စိမ်းနုနုအရွက် အနည်းငယ်နှင့် ရောင် စုံ အသွေးစုံ ပန်းများ ပေါ်ထွက်လာတတ်သည်။ သည်ရောက်မှ သတိထား မိသည်မှာ နွေဦးတွင်

အရွက်စိမ်းစိမ်းများ အရင်မထွက်လာဘဲ အရောင် စုံသည့် အပွင့်များ က အရင်ထွက်လာတတ်ခြင်းပင်။ ရွှန်ဒန် ဒရွှန်၊ ဒက်ဖိုဒေးလ် စသည့် အပွင့်များ အပြင် ကိုယ်မသိသော အပင်များ မှာ အဝါ၊ အနီ၊ ဒန်းရောင် ၊ လိမ္မော်ရောင် ၊ ခရမ်းရောင် စသဖြင့် အရောင် စုံပန်းများ က အရွက် စိမ်းစိမ်းများ စုံအောင်မထွက်မီကပင် ထွက်လာခြင်းကလည်း ကိုယ့်လို အာရှသားအတွက် ဆန်းနေသည်လေ။ ကိုယ်တို့ဆီမှာ တော့ အပင်များ က အရွက်ဝေပြီးမှ အပွင့် ဝေကြသည်ကိုး။ အညို့ ဝန်းကျင်မှာ တော့ အပွင့်ဝေပြီးမှ အရွက်စုံလေသည်။ မည် သို့ ပင် ဖြစ်စေ ရိုးတံပြိုင်းပြိုင်းနှင့် ဝတ်လစ်စလစ် ဖြစ်နေသည့် အပင်များ ထက် အပွင့်ရောင် စုံ၊ အရွက်စိမ်းစိမ်းများ ကို မြင်ရသည်က စိတ်ကို အလွန် ပင်လန်းဆန်းစေသည်။

အညို့၏ နောက်ထပ်ကောင်းသော အချက်မှာ အညို့မှ ထုတ်ပေး ထားသည့် ကတ်ဖြင့် အညို့ပိုင်အားကစားရုံကြီးမှာ နှစ်သက် ရာ အားကစား များ ကို အခမဲ့ကစားနိုင်ခြင်း ဖြစ်လေသည်။ ထိုအားကစားရုံကြီးမှာ ကိုယ်နေ သည့် လမ်းထိပ်မှာ ပင်ရှိသော်လည်း ရာသီအေးသည့်ကာလများ တွင် အိမ်တွင် း အောင်းနေမိသကဲ့သို့ အခြေအနေပေးသည်နှင့် လမ်းများ နေခဲ့သည့်အတွက် အားကစားမပြောနှင့် ၊ ကိုယ်လက်လှုပ်ရှားမှု ကိုပင် မှန်မှန်မပြုလုပ် ဖြစ်ခဲ့ချေ။ ထိုအကြောင်း ပြန်တွေ းလျှင် ခုထိ နောင်တရမိသေးသည်။ အမေရိကမှာ ဂျင်မ်တစ်ခုကို အသုံးပြုခွင့်ရရေး သည် အခကြေးငွေ အတော် သုံးရသည်။ အညို့မှာ ကဲ့သို့ အခမဲ့အသုံးပြုခွင့်ကား ကျန်တက္ကသိုလ် များ မှာ ပေးခဲဘိခြင်း။ ထို့ကြောင့် အခွင့်အရေး ကိုရသည့်အခိုက်မှာ မသုံး ဖြစ်ခဲ့ခြင်းကား နောင်တရမိ ရုံသာ။ အညို့ ပရဝဏ်ကိုယ်တိုင်ကပင်လျှင် လမ်းလျှောက်ရန် အလွန် သင့်လျော်သည့် ပရဝဏ် ဖြစ်လေသည်။ တောင်ကုန်းလေးပေါ်မှာ တည်ထား သည့် ပရဝဏ်မို့ အဆင်းအတက်လေးများ နှင့် အေးချမ်းသည့် ပရဝဏ်မှာ ငယ်ရွယ်နုနယ်သည့် အညို့ ရင်သွေးများ ကို ငေးမောရင်း၊ အရောင် စုံလျှင် စုံ၊ မစုံလျှင် ရိုးတံပြိုင်းပြိုင်း၊ နှင်းမှိုင်းမှိုင်းနှင့် ဖြစ်နေသည့် အပင်များ ကို ကြည့်ငေးရင်း လမ်းလျှောက်ရသည့် အရသာမှာ ငယ်စဉ်က ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ဝင်းထဲကို လမ်းလျှောက်ထွက်ခဲ့ရသည့် အရသာအား ပြန်

လည်တမ်းတမိစေသည်။ တက္ကသိုလ်ပရဝဏ်တစ်ခုအတွင်း လမ်းလျှောက်ရ သည့်
အရသာနှင့် ပတ်သက်လျှင် ကိုယ့်မှာ ဆယ်ကျော်သက်လူငယ် ဘဝမှာ ရခဲ့သည့် အရသာထက်
မှုကြိုနှင့် မူလတန်းအရွယ်က အဖေ့လက်ဆွဲ ကာ လျှောက်ခဲ့ရသည့် အရသာကို ပိုပြီး
အမှတ်ထင်ထင် ဖြစ်ခဲ့ရသည်မို့ အညို့ ပရဝဏ်တစ်နံတစ်လျား လျှောက်ခွင့်ရသည့်အခါ
စိတ်ထဲတွင် ပြန်ငယ် သွားသကဲ့သို့ လန်းဆန်းခဲ့ရပြန်ပါသည်။

*